# ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး

# ၃၅ ရက်မြောက်နေ့ အစီအစဉ်

# [ ၃၀-၃-၂၀၁၅ ] ( တနင်္လာနေ့ )

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၃၅ ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ က ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များ က မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) ဦးမောင်မောင်စိုး၊ အင်္ဂပူ မဲဆန္ဒနယ်၏ **ဧရာဝတီတိုင်းဒေသကြီး အတွင်းရှိ ရွာချင်းဆက်သွယ်သော လမ်းသို့ ဖြတ်သန်းစီးဆင်း နေသော ကညင်ချောင်းအား အရှည် ၂၁၅ ပေ** x **၁၄ ပေ အကျယ် တံတားတစ်စင်း တည်ဆောက်ပေးနိုင်မှု ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( ခ ) ဦးအိုက်မုန်း၊ မန်တုံ မဲဆန္ဒနယ်၏ **မန်တုံမြို့နှင့် မန်တုံမြို့နယ် အရှေ့ဘက်ခြမ်းဒေသ နမ့်ဟိုင်းကျေးရွာသို့ ကျေးရွာချင်းဆက်လမ်း ဖောက်လုပ်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးသိန်းလွင်၊ ချောက် မဲဆန္ဒနယ်၏ **ချောက်မြို့နယ်အပါအဝင် မိုးနည်းရေရှားဒေသများ၌ သောက်သုံးရေ ရှားပါးမှု အခက်အခဲကို အထူးစီမံချက်တစ်ရပ် ချမှတ်ဖြေရှင်းပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးဝင်းနိုင်၊ ရွှေကူ မဲဆန္ဒနယ်၏ **ရွှေကူမြို့နယ်၊ ရေလဲကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းခွဲကို အခြေခံပညာအထက်တန်း ကျောင်းအဖြစ် တိုးမြှင့်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးပိုက်လင်း၊ ပလက်ဝ မဲဆန္ဒနယ်၏ **ပလက်ဝမြို့နယ်မှ သိပ္ပံတွဲဖြင့် (၁၀)တန်းအောင်သူ ကျောင်းသား/သူများသည် သိပ္ပံလက်တွေ့ သင်တန်းကို အပတ်စဉ် စနေ/တနင်္ဂနွေနေ့များ အစား တစ်ပတ် နှစ်ပတ်ဆက်တိုက် သင်ကြားပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၆။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့သော **"အမျိုးသားပညာရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း"** နှင့် စပ်လျဉ်း၍ လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်း၊

၇။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့သော **" မြန်မာနိုင်ငံ စာရင်းကောင်စီ ဥပဒေကြမ်း"** နှင့် စပ်လျဉ်း၍ လက်ခံ ရရှိကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်းနှင့် ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်း၊

၈။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၃၅ ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ၃၆ ရက်မြောက်နေ့ ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။